# ကျောက်ဖြူကျေးရွာ
# မြိတ်မြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ - ၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျောက်ဖြူကျေးရွာ၊ မြိတ်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြိတ်မြို့နယ်နှင့် ဦးကောင်းမြတ် - LIFT/ Technical Assistant Team တို့ကူညီရေးဆွဲသည်)

၂၀၁၉ခုနှစ်၊မတ်လ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **ကျောက်ဖြူကျေးရွာ သယံဇာတပြမြေပုံ၊ မြိတ်မြို့နယ်** | ၅ |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၆ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၆ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၆ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၇ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၇ |
| | (ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း | ၇ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၈ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၈ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၉ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၉ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၉ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၁၀ |
| ၆။ | **ပညာရေး** | ၁၀ |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၁၁ |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၁ |
| ၉။ | **ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ** | ၁၂ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့်  အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၃ |
| | | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၆ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၇ |
| | နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၅၂ |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | ၆၁ |
| | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | ၆၃ |
| | နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | ၆၅ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ ကျေးရွာ၏ လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၈/၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၀၂၃ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင်လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်း ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ဩဂုတ်လ၊ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကျောက်ဖြူကျေးရွာ
မြိတ်မြို့နယ်

## ကျောက်ဖြူကျေးရွာ ကျေးရွာ သယံဇာတပြမြေပုံ၊ မြိတ်မြို့နယ်



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ကျောက်ဖြူကျေးရွာသည် အလယ်ချောင်းကျေးရွာအုပ်စု၊ မြိတ်မြို့နယ်တွင်ပါဝင်ပြီး အလယ်ချောင်းကျေးရွာအုပ်စုသည် မြောက်လတ္တီကျူ၁၂ဒီဂရီ ၄၁မိနစ်၃၁စက္ကန့်နှင့် ၉၈ဒီဂရီ ၅၀မိနစ် ၃၈စက္ကန့်အကြား၊ အရှေ့လောင်ဂျီကျူ၁၂ဒီဂရီ၄၉မိနစ်၄၀စက္ကန့်နှင့် ၉၈ဒီဂရီ ၄၅မိနစ် ၄၉စက္ကန့်အကြားတွင်တည်ရှိပါသည်။ အရှေ့မှအနောက်သို့ (၄.၂၆၁)မိုင်နှင့် တောင်မှမြောက်သို့ (၇.၉၅)မိုင် ရှည်လျားပါသည်။ အလယ်ချောင်းကျေးရွာအုပ်စု၏ ဧရိယာ စတုရန်းမိုင်(၃၃.၈၆)ဖြစ်သည်။

ကျောက်ဖြူကျေးရွာ၏အရှေ့ဘက်တွင် နန်းတော်ရာကျေးရွာအုပ်စု၊ တောင်ဘက်တွင် ပင်းအိုကျေးရွာအုပ်စုတို့နှင့်ထိစပ်လျက်ရှိပါသည်။ အနောက်ဘက်တွင် သမုတ်မြစ်ချောင်း နှင့် ထိစပ်နေပါသည်။ အလယ်ချောင်းကျေးရွာအုပ်စုသည် တောင်ကုန်းတောင်တန်းများ ရှိပြီး အနောက်ဘက်တွင် မြစ်ချောင်းများရှိ၍ မြေပြန့်လွင်ပြင်အနည်းငယ်သာရှိပါသည်။ အလယ်ချောင်းကျေးရွာအုပ်စုသည် မြစ်ချောင်းများပေါများသည့် ဒေသတစ်ခုဖြစ်ပြီး ထင်ရှားသည့် မြစ်ချောင်းများမှာ သမုတ်မြစ်ချောင်းများ ရေငံများဖြစ်ပါသည်။ အဆိုပါ မြစ်များမှာ ချောင်းများမှ အခြားကျေးရွာအုပ်စုများသို့ စက်လှေငယ်များဖြင့် သွားလာနိုင်သောမြစ်များဖြစ်ပါသည်။ ကျောက်ဖြူကျေးရွာသည် ပင်လယ်ရေမျက်နှာပြင်အထက်(၁၃) ပေတွင် တည်ရှိပါသည်။

## ၂။ ရာသီဉတုနှင့် သဘာဝ အရင်းအမြစ်များ

အလယ် ချောင်းကျေးရွာအုပ်စု၊ ကျောက်ဖြူကျေးရွာသည် ပူအိုက်စွတ်စိုသောရာသီဉတုရှိပြီး အမြင့်ဆုံးအပူချိန်(၄၀ ' c)နှင့် အနိမ့်ဆုံးအပူချိန်(၂၃ ' c)ဖြစ်ပါသည်။

ကျောက်ဖြူကျေးရွာတွင်ပေါက်ရောက်သည့် သဘာဝပေါက်ပင်များမှာ ဂန့်ဂေါ်၊ ကနစို၊ သက်န်း၊ ဉဘန်၊ ကညင်ပင်များဖြစ်ပါသည်။ ဒီရေရောက်တောတွင် ဗြူး၊ပရုန်းပင်၊ ကပြိုင်ပင်၊ ပင်လယ်အုန်းစသည့်အပင်များပေါက်ရောက်ပါသည်။ တောရိုင်းတိရိစ္ဆာန်များ မှာ တောကြောင်၊ သင်းခွေချပ်၊ ဂျီ၊ တောဝက်၊ တောကြက်၊ မျောက် အမျိုးမျိုးတို့ ဖြစ်ပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျောက်ဖြူကျေးရွာတွင်အိမ်ထောင်စုပေါင်း(၁ဝ၈)အိမ်ရှိပြီး လူဦးရေပေါင်း(၄၂၅) ဦး ရှိပါသည်။ ကျောက်ဖြူကျေးရွာသည် ဖွံ့ဖြိုးရေးပိုင်းအနေဖြင့် ဖွံ့ဖြိုးတိုးတက်နေမှုရှိနေ သော ရွာတစ်ရွာဟုဆိုနိုင်ပါသည်။ ကျောက်ဖြူကျေးရွာတွင် အုပ်ချုပ်စီမံကွပ်ကဲမှုတို့တွင် အမျိုးသမီးများပါဝင်ခြင်းမရှိသော်လည်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်ရာ

အဖွဲ့တစ်ဖွဲ့ချင်းသည် စည်းလုံးစွာဖြင့်ဆောင်ရွက်ပါသည်။ ရပ်မိရပ်ဖအဖွဲ့မှ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်း၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်း ပါဝင်ပေးနေပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များက ကျောင်း၏လိုအပ်ချက်များ နှင့် ကလေးများပညာသင်ကြားရာတွင် အခက်အခဲမရှိစေရန် အဆင်ပြေအောင် အလေးထားဆောင်ရွက်နေပါသည်။ ဂေါပကအဖွဲ့၊ အမျိုးသမီးကြီးအဖွဲ့၊ ကာလသား၊ ကာလသမီးအဖွဲ့၊ နာရေးကူညီရေးအသင်းစသည်တို့သည် ကျေးရွာ၏သာရေး၊ နာရေးနှင့် အခြားသော ပရဟိတလုပ်ငန်းများတွင် အတူတကွစုပေါင်းလုပ်ကိုင်နေကြပါသည်။

ကျောက်ဖြူကျေးရွာတွင် လူထုအခြေပြုအဖွဲ့အစည်းများအနေဖြင့် (Pact Myanmar, World Vision)စသည့် အဖွဲ့အစည်းများသည် ကျေးရွာ၏ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အဖက်ဖက်မှ ဝိုင်းဝန်းထောက်ပံ့ကူညီပေးနေကြပါသည်။

**၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(က) သီးနှံ စိုက်ပျိုးရေး**

ကျောက်ဖြူကျေးရွာတွင် စိုက်ပျိုးနိုင်သောမြေဧရိယာမှာ လယ်မြေ(၃၄)ဧက၊ တောင်ယာမြေ(၄)ဧကနှင့် ခနိတောမြေ(၄)ဧက၊ ဉယျာဉ်ခြံမြေ(၂၈၉)ဧက၊ မြေလွတ်မြေလပ် (၁၆)ဧက စုစုပေါင်း(၃၄၇)ဧကရှိပါသည်။၂.၅ ဧကအောက်ဆင်းရဲသားတောင်သူ(၃၀) အိမ်ထောင်စု၊ ၂.၅ဧကမှ ၅ ဧကကြား တောင်သူငယ် (၁၃)အိမ်ထောင်စု၊ ၅ဧကမှ၁၂.၅ဧက ကြား တောင်သူလတ်(၂၅)အိမ်ထောင်စု၊ ၁၂.၅ဧကအထက် တောင်သူကြီး(၁၅)အိမ်ထောင်စု စသည်တို့ရှိကြပြီး အဓိကအားဖြင့် စပါး၊ ရော်ဘာနှင့် ဉယျာဉ်ခြံသီးနှံများကို အားထား စိုက်ပျိုးကြပါသည်။ မြေယာမဲ့အိမ်ထောင်စုများသည် စုစုပေါင်းအိမ်ထောင်စု၏ (၃၀%)ကျော် ရှိပြီး အများစုသည် နေ့သားကျပန်းနှင့် ပြည်ပတွင်သွားရောက်လုပ်ကိုင်နေကြသည်။

ကျေးရွာ၏စိုက်ပျိုးရေမှာ မိုးရေကို အဓိကထားစိုက်ပျိုးကြပါသည်။ စပါးအထွက် နှုန်းမှာ တစ်ဟကပျမ်းမျှ(၂၅-၃၀)တင်းသာရှိပါသည်။ ကျေးရွာအတွင်းရှိ လယ်သမားများ တွင် တစ်ဦးချင်းပိုင်လက်တွန်းထွန်စက်(၂)စီးရှိပြီး၊ ရေစုပ်စက်(၁)လုံး၊ မြက်ရိတ်စက် (၁၁)လုံးရှိပါသည်။ ကျေးရွာတွင်ငှားရမ်းလုပ်ကိုင်နေသည့်တောင်သူများမှာ လက်တွန်း ထွန်စက် ငှားရမ်းလုပ်ကိုင်သူဦးရေ(၅)ဦး၊ ခြွေလှေ့စက်ငှားရမ်းလုပ်ကိုင်သူ(၆)ဦးရှိပါသည်။ လယ်လုပ်ချိန်တွင်အချိန်နှင့်တပြေးညီ ပြီးစီးအောင်လုပ်ဆောင်ရသည့်အတွက် အလုပ် မတွင်ခြင်းများ ကြုံတွေ့နေရပါသည်။

ကျောက်ဖြူကျေးရွာတွင် အဓိကစိုက်ပျိုးသောသီးနှံမှာ စပါးဖြစ်ပြီး မြေဆီလွှာ မကောင်းခြင်း၊ငွေကြေးမလုံလောက်ခြင်း၊ ဓါတ်မြေဩဇာလုံလောက်စွာမသုံးစွဲနိုင်ခြင်း၊

ကျေးရွာအတွင်း ခေတ်မီလယ်ယာသုံးစက်ကိရိယာများပိုင်ဆိုင်မှုနည်းပါးခြင်း၊ ကျေးရွာအတွင်း စိုက်ပျိုးရေးနည်းပညာများ လိုက်နာဆောင်ရွက်မှုအားနည်းခြင်းသည်တို့ကြောင့် စပါးအထွက်နှုန်းနည်းပါးမှုကို ကြုံတွေ့နေရပါသည်။ ထိုအပြင် ရော်ဘာစိုက်ပျိုးထုတ်လုပ်နေကြသည့် အိမ်ထောင်စုများမှာ အထွက်နှုန်းအားဖြင့် မနည်းသော်လည်း ရော်ဘာဈေးနှုန်းကျဆင်းနေမှုကြောင့် စီးပွားရေးတွက်ချေမကိုက်ပေ။

ကျေးရွာအခြေအနေသည် မိုးများသောဒေသဖြစ်ပါသည်။ လယ်ယာမြေအသုံးချနိုင်မှုနှင့် စိုက်ပျိုးရေးအရင်းအမြစ်သည် အသင့်အတင့်အခြေအနေတွင်ရှိပါသည်။ သီးနှံမျိုးစေ့တွင် ဒေသမျိုးများကိုသာသုံးစွဲနေပါသည်။ မြေဆီလွှာမကောင်းခြင်း၊ စိုက်ပျိုးမြေများတွင်ရေလွှမ်းမိုးခြင်းများဖြစ်ပေါ်နေခြင်းကြောင့် သီးနှံအထွက်နှုန်းနည်းပါးမှုများ ကြုံတွေ့နေရသဖြင့် ရေနုတ်မြောင်းများတူးဖော်ရန်လိုအပ်နေပါသည်။

ကျောက်ဖြူကျေးရွာတွင်သီးနှံထုတ်လုပ်မှုအတွက် ပြဿနာများမှာ လယ်ယာမြေတိုးချဲ့နိုင်မှုမရှိခြင်း၊ စိုက်ပျိုးရေအရင်းအမြစ်အလွယ်တကူမရရှိနိုင်ခြင်း၊ ရေမြောင်းပိတ်ဆို့မှုများရှိခြင်းကြောင့် နှုန်းများကျန်ခြင်း၊ လုပ်သားအလွယ်တကူမရရှိနိုင်ခြင်းစသည်တို့ရှိနေပါသည်။ မိုးစပါးစိုက်ပျိုးရာတွင် စပါးဖျက်ပိုးနှင့် ခရုဖျက်ပိုးများအနည်းငယ်ရှိသဖြင့် ဆုံးရှုံးမှုအနည်းငယ်ရှိပါသည်။ လယ်များတွင်အထွက်နှုန်းနည်းပါးပြီး နည်းပညာအသုံးချမှုအားနည်းသောကြောင့် စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ အသုံးချလာစေရန် တိုက်တွန်းပညာပေးခြင်းဖြင့် အထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေးပြည့်ဝသော ထုတ်ကုန်များရရှိလာနိုင်ပါသည်။

### (ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း

ကျောက်ဖြူကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု(၃)အိမ်ရှိပြီး နွားကောင်ရေ (၁၁)ကောင်၊ ကျွဲမွေးမြူထားသည့်အိမ်ထောင်စု(၁)အိမ်မှ ကောင်ရေ(၃)ကောင်၊ ဝက်မွေးမြူထားသည့်အိမ်ထောင်စု(၁၇)အိမ်မှ ကောင်ရေ(၃၁)ကောင်၊ ကြက်မွေးမြူထားသည့် အိမ်ထောင်စု(၄၂)အိမ်မှ ကောင်ရေ(၂၄၂)ကောင်နှင့် ဘဲမွေးမြူထားသည့် အိမ်ထောင်စု(၁၄)အိမ်မှ ကောင်ရေ(၇၃)ကောင်မွေးမြူထားကြပြီး မျိုးကောင်းမျိုးသန့်များ အလွယ်တကူမရရှိနိုင်ခြင်းကြောင့် ဈေးကွက်သို့တင်ပို့ရောင်းချနိုင်ခြင်းများ အားနည်းပါသည်။

ကျောက်ဖြူကျေးရွာသည် ရန်ကုန်-မြိတ်လမ်းမကြီးပေါ်တွင်တည်ရှိနေသောကြောင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး မျိုးတိရိစ္ဆာန်၊ မွေးမြူရေးအစာ၊ ဆေးများကို အလွယ်တကူရရှိနိုင်သည့်အပြင် တိရိစ္ဆာန်များကိုလည်း အိမ်ခြံဝင်းအတွင်း မြေနေရာလုံလောက်မှု

အသင့်အတင့်ရှိသဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူနိုင်ခြင်းဖြစ်ပါသည်။ စားကျက်မြေရှားပါးသည့်အတွက် တိရိစ္ဆာန်များကျက်စားရန် မြေလွတ်မြေလပ်မရှိသည့်အပြင် ထုတ်ကုန်များကိုဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ခြင်းများရှိနေပါသည်။ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံအသိပညာများ လိုအပ်ပါသည်။ ရေလုပ်ငန်းလုပ်ကိုင်သည့်အိမ်ထောင်စု(၁၂)အိမ်မှလုပ်ကိုင်သူဦးရေ(၁၂)ဦးရှိပါသည်။ ထိုသူများမှာ ကမ်းနီးငါးဖမ်းလုပ်ငန်းသည့်သူနှင့်မြိတ်မြို့တွင်ရှိသည့် ကမ်းဝေးငါးဖမ်းလှေများတွင် လုပ်ကိုင်သူများဖြစ်ပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျောက်ဖြူကျေးရွာတွင် အခြားဝင်ငွေရလုပ်ငန်းအနေဖြင့် ဆိုင်ကယ်ပြင်၊ ဈေးရောင်း၊ လက်ဖက်ရည်ဆိုင်၊ စက်ချုပ်၊ လက်သမား၊ ပန်းရံ၊ ဆိုင်ကယ်တက္ကဆီ စသည်တို့လုပ်ကိုင်ကြပါသည်။ ကျပန်းလုပ်သားများသည် အများဆုံးအားဖြင့်ဝင်ငွေရရှိရန် စပါးစိုက်၊ စပါးရိတ်၊ ရော်ဘာအစေးခြစ်စသည်လုပ်ငန်းများကို လုပ်ကိုင်လေ့ရှိပါသည်။ အထူးသဖြင့် ဝင်ငွေရရှိရန် ရှမ်းပြည်(ထိုင်းနိုင်ငံ)သို့သွားရောက်လုပ်ကိုင်လေ့ရှိပါသည်။ လုပ်အားခများကို အိမ်တွင်ကျန်ခဲ့သောမိသားစုထံပို့၍ စားဝတ်နေရေးကိုဖြေရှင်းကြရသည်။ အကယ်၍ ငွေပို့မှုနောက်ကျပါက (သို့) မလုံလောက်ပါက ငွေတိုးချေးသူများထံမှချေးယူ၍ စားဝတ်နေရေးကိုဖြေရှင်းကြရပါသည်။ဘွဲ့ရအများစုမှာ ဒေသတွင် ပြန်လည်အခြေချထက် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်သူအရေအတွက်မှာ ပိုမိုများပါသည်။ ပြည်ပသို့ (ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ)သွားရောက်လုပ်ကိုင်ခြင်းမဟုတ်လျှင် ဒေသအတွင်းပင် ဝန်ထမ်းလုပ်သူနှင့် မိသားစုလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ကြပါ သည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျောက်ဖြူကျေးရွာတွင် လယ်ယာမြေလုပ်ကိုင်မှုများရှိသဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် တောင်သူလယ်သမားများထံမှ အပေါင်ခံပစ္စည်း ပုံစံ (၇) ရှိမှသာ ချေးငွေများကို ကာလလတ်ချေးငွေဖြင့် ချေးပေးလျက်ရှိပါသည်။ အချို့တောင်သူများမှာ ပုံစံ (၇) ရရန် အခက်အခဲများရှိသည့်အတွက် ချေးငွေရယူခြင်း မရှိသည်များရှိပါသည်။ သမဝါယမချေးငွေသည်လည်း အသင်းဝင်ထားသည့် သူများသာ ချေးသည့်အတွက် အသင်းဝင်ထားခြင်းမရှိသူများ ချေး၍မရသည်များ ရှိပါသည်။ ကျေးရွာတွင် Pet Myanmar မှ အတိုးနှုန်းသက်သာစွာဖြင့် ငွေချေးလုပ်ငန်း ဆောင်ရွက်ပေးထားခြင်းရှိပါသည်။ အဖွဲ့လိုက်ငွေစုငွေချေးငွေချေးအစီအစဉ်၊ ငွေချေးပေးမှုနှင့် အပေါင်ဆိုင်များမှ

ဈေးငေါ်များလည်းရှိပါသည်။ အတိုးနှုန်းမှာ(၁၀%)အတိုးနှုန်းဖြစ်ပြီးအပေါင်ခံပစ္စည်း အနည်းငယ်လိုအပ်ပါသည်။ ပိုင်ဆိုင်မှုမရှိလျှင် ချေးငွေကို အကြောင်းအရင်းမျိုးစုံ(ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး)တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက်ချေးယူကြပြီး ကျေးရွာတွင်ချေးငွေလိုအပ်ချက်များပြားနေပါသည်။ ထို့ကြောင့် အစိုးရဘဏ်များမှ အတိုးနှုန်းသက်သာစွာဖြင့် ကာလရှည်ချေးငွေများထုတ်ပေးပါက မိသားစုစားဝတ်နေရေး နှင့် ကိစ္စအဝဝအတွက် မှီခိုအဆင်ပြေနိုင်ပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျောက်ဖြူကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် စက်ဘီးမှာ ကျောင်းသား/ သူများသွားလာရေးအတွက်အသုံးပြု၍ မော်တော်ဆိုင်ကယ်မှာ အချို့သောသွားလာရေးကိစ္စ နှင့် စီးပွားရေးကိစ္စတွင် အသုံးပြုကြပါသည်။ ဆိုင်ကယ်စီးရေမှာ (၄၂)စီး၊ လှေ/သမ္ဗာန် (၁၆)စီး၊ စက်လှေ(၃)စီး၊ စက်ဘီး(၄)စီး၊ သုံးဘီးဆိုင်ကယ်(၂)စီးနှင့် ကား(၁)စီးရှိပြီး ကျေးရွာ၏သယ်ယူပို့ဆောင်ရေးကို ၎င်းတို့ဖြင့် အဓိကလုပ်ဆောင်နေကြပါသည်။ ရန်ကုန်-မြိတ် ကားလမ်းမကြီးဘေးနံဘေးဖြစ်သည့်အတွက် သွားလာရာတွင်အခက်အခဲများမရှိ သလောက်နည်းပါးပါသည်။ သို့ရာတွင် အချို့အိမ်ထောင်စုများမှာ ကိုယ်ပိုင်ယာဉ်မရှိ သောကြောင့် အရေးပေါ်ပြဿနာများဖြစ်ပေါ်လာသည့်အခါ အခက်အခဲများဖြစ်နေရပါသည်။

ကျောက်ဖြူကျေးရွာတွင် ကျေးရွာအတွင်းလမ်းများသည် မြေသားလမ်းများဖြစ်ကြ သည်။ ပင်လယ်ရေကြောင်းနှင့် မြစ်ကြောင်းနှစ်မျိုးလုံးကိုအသုံးပြုကြပါသည်။

### (ခ) ကျေးရွာ မီးလင်းရေး

ကျောက်ဖြူကျေးရွာတွင် ဆိုလာမီးသုံးစွဲမှု အိမ်ခြေ(၆၄)အိမ်ခန့်ရှိ၍ ကျန်ရှိသည့် အိမ်များမှာ ရေနံဆီမီးခွက်နှင့် ဘုရားတိုင်မီးကိုသုံးစွဲနေရပါသည်။ လျှပ်စစ်မီးရရှိပါက ကျေးရွာအတွင်းကျောင်းသားများ၏ ပညာရေးကဏ္ဍတိုးတက်မြင့်မားလာခြင်း၊ လုံခြုံမှုပိုမို တိုးတက်လာခြင်း၊ အသေးစားစီးပွားရေးလုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ အသေးစိတ်စီးပွားရေးလုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေခြင်းစသည်တို့ကို အထောက်အပံ့ပေးနိုင်ပါလိမ့်မည်။

### (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျောက်ဖြူကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း(၉၉)လုံး၊ ရေဒီယို(၁၃)လုံး၊ တီဗွီ(၁၄)လုံး၊ ဂြိုလ်တုစလောင်း(၁၁)လုံးစသည်တို့မှ ရရှိသည့်အပြင် ကျေးရွာတွင်တာဝါတိုင်ရှိသည့်အတွက် ဖုန်းဖြင့် သတင်းအချက်အလက်

များကို အချိန်နှင့်တပြေးညီသိရှိရပါသည်။အင်တာနက်လိုင်းမှာ အသုံးပြုရနှေးကွေး ပါသည်။ သို့သော်လည်း လျှပ်စစ်မီးမရရှိသေးသည့်အတွက် ဖုန်းများကို အချိန်မရွေး အားသွင်းရန် အခက်အခဲရှိနေပါသည်။

## ၆။ ပညာရေး

ကျောက်ဖြူကျေးရွာတွင် စာမတတ်သူဦးရေ(၄၂)ဦးရှိပါသည်။ ဘွဲ့ရသူဦးရေ (၉) ဦး အထိ ရှိနေပြီဖြစ်သည်။ မူလတန်းပညာပြီးမြောက်မှုမှာ (၂၁၀) ဦး၊ အလယ်တန်းပညာပြီး မြောက်မှုမှာ (၇၈) ဦးရှိပြီး အထက်တန်းပညာပြီးမြောက်မှုတွင် သိသာစွာ လျော့နည်းလာ ပါ သည်။ သို့သော် အထက်တန်းပညာရေးပြီးဆုံးနှုန်းနှင့် တက္ကသိုလ်ပညာပြီးဆုံးသူနှုန်းတို့ မှာ (၂) ပုံ (၁) ပုံခန့်ကွာသည့်အတွက် အထက်တန်းပညာပြီးဆုံးရေးသည် ပညာရေး တိုးတက်မှုအတွက်အဓိကဖြစ်ပြီး မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့်သာ အတန်းပညာ ပြီးမြောက်မှု များပြားနေပါသည်။

ကျောက်ဖြူကျေးရွာအတွင်းရှိ အခြေခံပညာမူလတန်းကျောင်းတွင် စာသင်ကြားနေ သော ကျောင်းသားဦးရေသည်(၂၇)နှင့် ကျောင်းသူဦးရေသည် (၂၄)ရှိပါသည်။ကျောင်းတွင် စာသင်ဆောင် တစ်ဆောင်သာ ရှိပြီး ကျောင်းအဆောက်အဦမှာ ဟောင်းနွမ်းနေပါသည်။ စာသင်ခန်း (၁)ခန်းနှင့် (၁)ခန်းကြားတွင် ထရံဖြင့်ကာရံထားသည့်အတွက် စာသင်ကြား ရာတွင် အသံများဆူညံကာ အဆင်မပြေမှုများဖြစ်နေပါသည်။ ကျောင်းသား/ကျောင်းသူ ဦးရေများသည့်အတွက် ကျောင်းသုံးပရိဘောဂများ မလုံလောက်သည့်အပြင် စာသင် ကျောင်းဆောင်သစ်တစ်ဆောင် ထပ်မံတိုးချဲ့ရန် လိုအပ်လျက် ရှိပါသည်။ စာသင်ကျောင်း အဝင်လမ်းအား ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ရန် လိုအပ်ခြင်း၊ စာသင်ကျောင်းခြံစည်းရိုး ကာရံခြင်း၊ မူကြိုကျောင်းဆောင်ဆောက်လုပ်ရန် လိုအပ်လျက်ရှိပါသည်။

မူလတန်းအဆင့် အခမဲ့ ပညာရေးစနစ်ကို အကောင်အထည်ဖော်နေသည့်အတွက် ဆင်းရဲသောမိသားစုများအတွက်လည်း အခက်အခဲမရှိ ကျောင်းတက်ခွင့် ရနေပါ သည်။ ကုန်ကျစရိတ် သက်သာသော ကလေးအားကစားကွင်း တစ်ခုလည်း လိုအပ်နေပါသည်။ ကျောင်းသား၊ ကျောင်းသူများအား စာကျက်ဖြစ်စေရန် တိုက်တွန်းအားပေးရန်နှင့် စာကျက် ဝိုင်းများ ပြုလုပ်ပေးရန်အတွက် မိဘများမှ ဝိုင်းဝန်းဆောင်ရွက်ရန်မှာ အရေးပါလှပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

အလယ်ချောင်းကျေးရွာအုပ်စု၊ ကျောက်ဖြူကျေးရွာအပါအဝင် (၇)ရွာလုံးအတွက် ကျေးလက်ကျန်းမာရေးဌာနခွဲ(၁)ခုလိုအပ်လျက်ရှိပါသည်။ ကျေးရွာတွင် ကျန်းမာရေးနှင့်

ပတ်သက်၍ ရာသီအလိုက်ကာကွယ်ဆေးထိုးခြင်း၊ အသိပညာပေးခြင်းဟောပြောပွဲများပြုလုပ်လျက်ရှိပါသည်။ ထို့ပြင်ကျေးရွာတွင် သာမာန်ရိုးရိုးနေမကောင်းဖြစ်သည့်သူများ၊ ဖျားနာသူများကို ပပြင်ကျေးရွာ ဆေးပေးခန်းမှ စားဆေး၊ ထိုးဆေးတို့ဖြင့် သက်သာမှုရရှိပြီး ရောဂါပြင်းထန်သည့်လူနာများသည် မြိတ်ပြည်သူ့ဆေးရုံကြီးသို့ပို့ဆောင်၍ သွားရောက်ကုသမှုခံယူရသည်။

ကျောက်ဖြူကျေးရွာတွင် တစ်ရွာလုံးအနေဖြင့် ရေတွင်း(၃)တွင်းရှိပါသည်။ အဝီစိတွင်း/စက်တပ်ကိုသာအဓိကအသုံးပြုသည့် အိမ်ထောင်စုအများစုဖြစ်ပါသည်။ မိုးရာသီတွင် သောက်သုံးရေလုံလောက်မှုရှိပါသဖြင့် ကျောက်ဖြူကျေးရွာတွင် ရေကန်မှ တဆင့် ပိုက်သွယ်တန်းပြီး ရွာသူ/သားများနေထိုင်သည့်အိမ်များသို့ ရောက်ရှိသည်ထိ ရေဖြန့်ဖြူးသည့်လုပ်ငန်းလုပ်ကိုင်လိုကြပါသည်။

ကျောက်ဖြူကျေးရွာတွင် မသန့်ရှင်းသောအိမ်သာသုံးစွဲမှုမှာ ရာခိုင်နှုန်းပိုများသည့်အတွက် ကျေးရွာသူ/သားများအား သန့်ရှင်းသောသုံးစွဲမှုတိုးတက်လာစေရန်ဆွေးနွေးဟောပြောပွဲများပြုလုပ်ပေးရန်လိုအပ်ပါသည်။

**၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျောက်ဖြူကျေးရွာတွင် ယခုလက်ရှိအချိန်အထိ သဘာဝဘေးအန္တရာယ် ကျရောက်မှုမရှိပါ။သို့ရာတွင် မိုးရွာသွန်းမှုများသည့်အချိန်တွင် ရေကြီးမှုများဖြစ်ပေါ်လျက်ရှိပါသည်။ အကယ်၍ ဘေးအန္တရာယ်ကျရောက်မည်ဆိုပါက ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများလည်း ဆောင်ရွက်ထားမှု မရှိပါ။ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာလျှင်ထိခိုက်လွယ်မည့် အုပ်စုမှာ (၃၀%)ခန့်ရှိနိုင်ပါသည်။ အမှိုက်စွန့်ပစ်ရာတွင် စနစ်တကျ စွန့်ပစ်မှု အားနည်း လျက် ရှိပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သည့် အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။ ထိုမှသာလျှင် ကျေးရွာသူ ကျေးရွာသား များသည် ကောင်းကျိုး၊ ဆိုးကျိုးကို ခွဲခြားတတ်လာပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ရေးလုပ်ငန်းများကို တက်ကြွစွာ ပါဝင်လုပ်ဆောင်လာမည် ဖြစ်ပါသည်။

**၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ**

ကျောက်ဖြူကျေးရွာတွင်အလုပ်လုပ်နိုင်သော အမျိုးသမီးနှင့် အမျိုးသားဦးရေ မှာ အတူတူပင်ဖြစ်ပါသည်။ ကျား/မဆိုင်ရာတာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှု အဖွဲ့

အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျအားဖြင့် ပြောနိုင်သည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏာန်းများကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမာန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျအားဖြင့် ပြောနိုင်သည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏာန်းများတွင် မူလတန်းအဆင့်၌ မိန်းကလေးအရေအတွက်သည် ယောကျာ်းလေးဦးရေထက်နည်းနေသော်လည်း အလယ်တန်းနှင့် အထက်တန်းများတွင် အရေအတွက်မှာ တန်းတူနီးပါးဖြစ်နေပါသည်။ အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။ သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများပိုရ ကြပါသည်။ ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုမှာ အမျိုးသားများနှင့်တန်းတူပင်ဖြစ်သည်။ ကျား/မတန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား/မတန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့်  အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် - အလယ်ချောင်း | | | ကျေးရွာအမည် - ကျောက်ဖြူ | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁ | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး | အဖွဲ့ငယ်များအား စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု၊ စာရင်းကိုင်စသည့် သင်တန်းများ စီစဉ်ဆောင်ရွက်ခြင်း။ | |
| ၂ | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး | ရွာလုံးကျွတ်အစည်းအဝေးကို လစဉ်ပုံမှန်ပြုလုပ်၍ လိုအပ်ချက်များကို အစည်း အဝေးတွင် ဖော်ထုတ်ခြင်း။ | |
| ၃ | စိုက်ပျိုးရေး | နည်းပညာ | မျိုးကောင်းမျိုးသန့်ထုတ် လုပ်နည်း သင်တန်းများ  ဆောင်ရွက်ခြင်း။ | |
| ၄ | စိုက်ပျိုးရေး | နည်းပညာ | မြေဆီလွှာ ပြုပြင်ထိန်း သိမ်းနည်း သင်တန်းများ စီစဉ်ခြင်း။ | |
| ၅ | စိုက်ပျိုးရေး | နည်းပညာ | ပိုးမွှား၊ ရောဂါ ကာကွယ်နှိမ် နှင်းရေး နည်းပညာ သင်တန်း / ဟောပြောပွဲများ စီစဉ်ဆောင်ရွက်ခြင်း။ | |
| ၆ | စိုက်ပျိုးရေး | ဈေးကွက် | စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားရေးအမြင်ဖြင့် လုပ်ဆောင်နိုင်ရန် စီးပွားရေးအမြင်ဖွင့် သင်တန်းများ ပြုလုပ်ခြင်း။ | |
| ၇ | စိုက်ပျိုးရေး | ဈေးကွက် | ဈေးကွက်ဆန်းစစ်ခြင်းနှင့် လိုအပ်ချက်အတိုင်း ထုတ်လုပ်ခြင်း။ | |
| ၈ | မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ | တိရိစ္ဆာန် မွေးမြူရေး | မြို့နယ် မွေး/ကုဌာနနှင့် ချိတ်ဆက်၍ စီးပွားဖြစ် မွေးမြူနည်းသင်တန်းများနှင့် ဝန်ဆောင်မှုများ ရရှိရန် ချိတ်ဆက်ခြင်း။ | |
| ၉ | မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ | တိရိစ္ဆာန် မွေးမြူရေး | မွေးမြူရေးဈေးကွက် ဆန်းစစ်ခြင်းနှင့် ထုတ်ကုန် ဈေးကွက်ကောင်း ရရှိရန် ချိတ်ဆက်ခြင်း။ | |
| ၁၀ | ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေး လုပ်ငန်းများဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | အသေးစား/အလတ်စား စီးပွားရေးကျွမ်းကျင်မှု သင်တန်းများ စီစဉ်ခြင်း။ | |
| ၁၁ | ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေး လုပ်ငန်းများဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | စိတ်ပါဝင်စားသော မိသားစုများအတွက် ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ စီစဉ်ခြင်း (ကွန်ပျူတာ၊ ဘာသာစကား၊ စက်ချုပ်၊ မုန့် မျိုးစုံ၊ စက်ပြင်၊ ဆိုင်ကယ်ပြင်) | |
| ၁၂ | ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေး | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | ထုတ်ကုန်များအတွက် စုပေါင်းဈေးကွက် ရှာဖွေခြင်း။ | |

| ကျေးရွာအုပ်စုအမည် - အလယ်ချောင်း | | | ကျေးရွာအမည် - ကျောက်ဖြူ | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| | လုပ်ငန်းများဆိုင်ရာ | | | |
| ၁၃ | ငွေကြေး | အသေးစား | အသေးစား/အလတ်စား ဖွံ့ဖြိုးတိုးတက်လာစေရန် ချေးငွေရရှိနိုင်မည့် လိုအပ်ချက်များ ပြင်ဆင်ခြင်း။ | |
| ၁၄ | ငွေကြေး | အသေးစား | အသက်မွေးဝမ်းကျောင်း လုပ်ငန်းပေါ်မူတည်၍ အတိုးနှုန်းနည်းပြီး ကာလရှည် ထုတ်ချေးပေးနိုင်မည့် ချေးငွေနေရာများနှင့် ချိတ်ဆက်ခြင်း။ | |
| ၁၅ | ငွေကြေး | ရပ်ရွာအခြေပြု | မြစိမ်းရောင်ကျေးရွာစီမံကိန်းရရှိရန် ချိတ်ဆက်တင်ပြခြင်း။ | |
| ၁၆ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | စာသင်ကျောင်းခြံစည်းရိုးကာရံခြင်း။ | |
| ၁၇ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | စာသင်ကျောင်းဆောင် အား ပြုပြင်ခြင်း။ | |
| ၁၈ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | စာသင်ကျောင်းတွင် လိုအပ်သော ပရိဘောဂပစ္စည်း ပြည့်ဝစွာရရှိအောင် ဆောင်ရွက်ခြင်း။ | |
| ၁၉ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | ဆရာ/ဆရာမဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း။ | |
| ၂၀ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | ကလေးကစားကွင်း တည်ဆောက်ခြင်းနှင့် အားကစားပစ္စည်းများ ဖြည့်တင်းခြင်း။ | |
| ၂၁ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | မူကြိုကျောင်းတည်ဆောက်ခြင်း။ | |
| ၂၂ | ကျန်းမာရေး | ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး | အာဟာရပညာပေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ စီစဉ်ပေးခြင်း။ | |
| ၂၃ | ကျန်းမာရေး | ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး | ယင်လုံအိမ်သာသုံးစွဲမှု အိမ်တိုင်းစေ့ သုံးစွဲလာစေရန် ပညာပေးလုပ်ဆောင်ခြင်း။ | |
| ၂၄ | ကျန်းမာရေး | ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး | ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း။ | |

| ကျေးရွာအုပ်စုအမည် - အလယ်ချောင်း | | | ကျေးရွာအမည် - ကျောက်ဖြူ | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၂၅ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ရွာတွင်းလမ်း (၄၃၀၀) ပေအား ကွန်ကရစ်လမ်းအဆင့်မြှင့်ခြင်း။ | ဒုတိယ |
| ၂၆ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | အ.မ.က ကျောင်းအဝင်လမ်း ကွန်ကရစ်လမ်းအဆင့်မြှင့်ခြင်း | |
| ၂၇ | အခြေခံအဆောက်အဦ | သောက်သုံးရေ | ဂါလံ (၅၀၀၀) ဆံ့ ရေကန်တည်ဆောက်၍ အိမ်တိုင်းစေ့ ရေပိုက်လိုင်း သွယ်တန်းခြင်း။ | ပထမ |
| ၂၈ | လျှပ်စစ် | မဟာဓာတ်အားလိုင်း | လျှပ်စစ်မီး ချိတ်ဆက်သွယ်တန်းရန် သက်ဆိုင်ရာ ဦးစီးဌာန/ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့်ချိတ်ဆက်ခြင်း။ | |
| ၂၉ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | ရပ်ရွာဖွံ့ဖြိုးရေးများတွင် အသိပညာ၊ အတတ်ပညာများ ရရှိနိုင်ရေး ဖွံ့ဖြိုးရေးလူငယ်အဖွဲ့များ စုပေါင်းလုပ်ဆောင်ခြင်း။ | |
| ၃၀ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | စာကြည့်တိုက် ဆောက်လုပ်ခြင်း။ | |
| ၃၁ | လူငယ်နှင့်အားကစား | အားကစား | အားကစားကွင်း တစ်ကွင်း ပြုလုပ်နိုင်ရန် အကောင်အထည်ဖော်ခြင်း။ | |
| ၃၂ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ဟောပြောပွဲများ ပြုလုပ်ခြင်း။ | |
| ၃၃ | လူငယ်နှင့်အားကစား | အမျိုးသမီး | အမျိုးသမီးများအား တရား ဥပဒေဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်း။ | |
| ၃၄ | သယံဇာတနှင့်သဘာဝ ဝန်းကျင် | သဘာဝဘေး လျော့ချရေး | သဘာဝဘေးအန္တရာယ် လျော့ချရေး၊ သဘာဝရင်းမြစ် စီမံခန့်ခွဲရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ရန် သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများအား ချိတ်ဆက်ခြင်း။ | |
| ၃၅ | အခြေခံ အဆောက်အဦ | အညစ်အကြေး | စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအတွက် စုပေါင်းလုပ်ဆောင်ခြင်း။ | |

နောက်ဆက်တွဲ (၁)

## ကျောက်ဖြူကျေးရွာ၊ အလယ်ချောင်းကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးဖေကျင် | ဦးလူရင် | ၆/မအရ(နိုင်)၀၈၄၀၂၁ | ၆၄ | ဥက္ကဋ္ဌ | ၀၉၇၉၁၉၃၆၄၃၆ |
| ၂ | ဒေါ်အေးသန်း | ဦးအင်ကြူ | ၆/မအရ(နိုင်)၀၅၉၇၆၆ | ၄၈ | အတွင်းရေးမှူး | ၀၉၈၉၉၁၆၀၃၆၅ |
| ၃ | ဦးသန်းလွင် | ဦးဘလူကြီး | ၆/မအရ(နိုင်)၀၉၉၅၅၁ | ၄၆ | ဘဏ္ဍာရေးမှူး | ၀၉၄၄၉၄၁၅၉၂၉ |
| ၄ | ဦးမျိုးမြင့်လေး | ဦးလွန်းကျင် | ၆/မမန(နိုင်)၁၀၉၇၈၆ | ၅၁ | စာရင်းကိုင် | ၀၉၂၆၂၇၈၆၇၆၉ |
| ၅ | ဒေါ်နှင်းနှင်းအိ | ဦးတင်စိုး | ၆/မမန(နိုင်)၁၉၄၇၅၉ | ၂၈ | စာရင်းစစ် | ၀၉၈၉၈၆၉၉၀၈၆ |
| ၆ | ဒေါ်နှင်းမူ | ဦးတုတ်ကြီး | ၆/မမန(နိုင်)၁၁၉၆၅၇ | ၃၈ | အဖွဲ့ဝင် | - |
| ၇ | ဦးကျော်မင်းဦး | ဦးဆန်းတင် | ၆/မမန(နိုင်)၁၅၇၈၆၉ | ၄၉ | အဖွဲ့ဝင် | ၀၉၄၄၁၅၁၀၂၆၉ |
| ၈ | | | | | | |
| ၉ | | | | | | |
| ၁၀ | | | | | | |
| ၁၁ | | | | | | |
| ၁၂ | | | | | | |
| ၁၃ | | | | | | |
| ၁၄ | | | | | | |
| ၁၅ | | | | | | |

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

### (၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၅ | ၃ | ၈ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၁၆ | ၁၄ | ၃၀ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၂၀ | ၂၅ | ၄၅ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၂၉ | ၂၁ | ၅၀ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၄၀ | ၁၃၉ | ၂၇၉ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၅ | ၈ | ၁၃ |
| စုစုပေါင်း | | ၂၁၅ | ၂၁၀ | ၄၂၅ |
| စုစုပေါင်း အိမ်ထောင်စု | | ၁၀၈ | | |

ရင်းမြစ်…(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

**လေ့လာတွေ့ရှိချက်။** ။ကျောက်ဖြူကျေးရွာတွင် အိမ်ထောင်စု (၁၀၈) စု ရှိပြီး၊ လူဦးရေစုစုပေါင်း (၄၂၅) ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၁.၈၈%)၊ ငါးနှစ်အောက်ကလေးအရွယ် (၇.၀၆%)၊ မူလတန်းကျောင်းသားအရွယ် (၁၀.၅၉%)၊ အလယ်တန်းကျောင်းသားအရွယ် (၁၁.၇၆%)၊ သက်ကြီးရွယ်ကြီးအရွယ်(၃.၀၆%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့်လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၃၄.၃၅%)နှင့် အလုပ်လုပ်နိုင်သည့် အရွယ်ကျား(၁၄၀)ဦး၊ မ(၁၃၉)ဦးစုစုပေါင်း(၂၇၉)ဦးရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၆၅.၆၅%)ရှိပါသည်။ပျမ်းမျှတစ်အိမ်ထောင်လျှင် (၄) ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅) ဦးနှုန်းထက် နည်းနေပါသည်။ သို့ရာတွင် ကျေးရွာအတွင်းအလုပ်လုပ်နိုင်သောလူဦးရေများပြားမှုကြောင့်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်ကောင်းများအဖြစ်ထောက်ပံ့မှုပေးနိုင်ပါသည်။

### (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄၄ | ၅၀ | ၂ | မြင့်☑လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၉ | ၃၁ | - | မြင့်☐လတ်☐နိမ့်☑ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၇ | ၇ | - | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅ | ၅ | - | မြင့်☐လတ်☑နိမ့်☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | - | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | - | မြင့်☐လတ်☐နိမ့်☑ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | - | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆ | ၆ | ၂ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | ၂ | မြင့်☐လတ်☐နိမ့်☑ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | ၃ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | | မြင့်☐လတ်☐နိမ့်☑ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၂၁ | ၄၈ | - | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | **စုစုပေါင်း** | ၁၀၈ | ၁၆၃ | ၇ | ☒ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ

လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု**"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ကျောက်ဖြူကျေးရွာ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင်အဓိက ဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူအိမ်ထောင်စုများပြားပါသည်။ ရေလုပ်ငန်းနှင့်ပတ်သက်၍ လုပ်ကိုင်သောအိမ်ထောင်စု(၁၂) အိမ်ရှိပြီး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ(၆) အိမ်ရှိပါသည်။ အခြားအိမ်ထောင်စုများမှာ အမျိုးအမည်မဖော်ပြနိုင်သောလုပ်ငန်းများ၊ ပန်းရံလုပ်သားများ၊ ပို့ဆောင်ရေးလုပ်ငန်း အဖြစ် လုပ်ကိုင်နေကြပြီး အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးလျက် ရှိပါသည်။

## (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၀၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၂၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၄၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ကျောက်ဖြူကျေးရွာ၏ လယ်ယာစိုက်ပျိုးရေး (လယ်) လုပ်ငန်းခွင်တွင် နေ့စားပုတ်ပြတ် အလုပ်လုပ်သူများပြားပါသည်။ တစ်နေ့တွင် အမျိုးသား(၁၀၀၀၀မှ ၅၀၀၀)၊

အမျိုးသမီး(၇၀၀၀မှ ၄၀၀၀)ကျပ် ရရှိပါသည်။ ပန်းရံလုပ်ကိုင်သူများတွင် အမျိုးသား(၁၂၀၀၀)၊ အမျိုးသမီး (၇၀၀၀) ကျပ်ခန့် ရရှိပါသည်။ ကျေးရွာတွင် နေ့စားအလုပ်လုပ်သူနှင့် ကျပန်းလုပ်ငန်းလုပ်ကိုင်သူများရှိသည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရန် လိုအပ်လျက် ရှိပြီး အမျိုးသားများနှင့် အမျိုးသမီးများ၏ လုပ်အားခသည်တန်းတူမရသည့် အတွက် အမျိုးသမီးဦးစီးသည့်မိသားစုများသည် စားဝတ်နေရေး ဖူလုံမှုအားနည်းပါသည်။

## (ဂ) သဘာဝရင်းမြစ်များ

### (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၃၄ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၄ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၂၈၉ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | ၄ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | ၁၆ | ကောင်း ☐ သင့် ☐ ညံ့ ☑ |
| **စုစုပေါင်း** | **၃၄၇** | ☒ |

ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုး မျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျောက်ဖြူကျေးရွာတွင်ရှိသောစိုက်ပျိုးမြေများ၏ မြေဆီလွှာအရည်အသွေး အသင့်အတင့် ကောင်းမွန်မှု ရှိပါသည်။ ကျေးရွာတွင် စားကျက်မြေများမရှိသည့်အတွက် စိုက်ပျိုးမြေတိုးချဲ့နိုင်ခြင်းမရှိပါ။ မြေလွတ်မြေလပ်များရှိသော်လည်း မြေဆီလွှာပျက်စီးမှုများရှိပါသည်။ ပိုးမွှားရောဂါကျရောက်မှုများလည်းရှိသည့်အတွက် ကျေးရွာတွင် စိုက်ပျိုးရေးနှင့်ပတ်သက်သည့် နည်းပညာပေးသင်တန်းနှင့် မျိုးကောင်းမျိုးသန့်များ ရရှိနိုင်သည့် နေရာနှင့် ချိတ်ဆက်ဆောင်ရွက်ပေးရန်လိုအပ်နေပါသည်။

### ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံ | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ဓာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | | |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ☐သင့်☐ နည်း☑မရှိ☐ | လွယ်☐ ခက်☑အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ☐သင့်☐နည်း☑မရှိ☐ | လွယ်☐ ခက်☑အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ☐ သင့်☐ နည်း☑ မရှိ☐ | ☒ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျောက်ဖြူကျေးရွာတွင် သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ ထွက်ရှိမှုမရှိ ပါ ။ ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ၊ သဘာဝအပင်မျိုးစိတ်များနှင့် သဘာဝတိရိစ္ဆာန်မျိုးစိတ်များ ထွက်ရှိမှု အနည်းအကျဉ်းရှိပါသည်။ ထို့ကြောင့်လိုအပ်သည်များကို အခြားကျေးရွာများမှ ဝယ်ယူအသုံးပြု ကြပါသည်။

**(ဃ) ဉစ္စာဓနအဆင့်အခြေအနေ**

ဇယား (၆) ဉစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှု နှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| **အိမ်ထောင်စု** | ၁၀ | ၆၀ | ၂၈ | ၁၀ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျောက်ဖြူကျေးရွာတွင် စုစုပေါင်း အိမ်ထောင်စု၏ (၉.၂၆%) သည် အဆင်ပြေသော အိမ်ထောင်စုများဖြစ်ပြီး၊ တောင်သူကြီးအဆင့်၊ ကိုယ်ပိုင်စိုက်ပျိုးရေးနှင့် ဈေးဆိုင်လုပ်ငန်းများ လုပ်ကိုင်ကြသည်။ အလယ်အလတ်ရှိသောအိမ်ထောင်စုမှာ (၅၅.၅၆%) ရှိပြီး စိုက်ပျိုးရေးနှင့် တစ်ပိုင်တစ်နိုင်ဈေးဆိုင်များဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြသည်။ ထိုအိမ်ထောင်စုများသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ငွေကြေး (သို့) ပစ္စည်း စသည်ဖြင့်

တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ပါလိမ့်မည်။ မပြေလည်သောအိမ်ထောင်စုများနှင့် အလွန်မပြေလည်သောအိမ်ထောင်စု(၃၅.၁၉%) မှာ မိသားစုစားဝတ်နေရေးအတွက် အခက်အခဲများ ရှိနေပါသည်။

### (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာခနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား= ____________<br>အစာလျှော့စား= ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ= ____________ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား= ____________<br>အစာလျှော့စား= ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ= ____________ |
| ၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား= ____________<br>အစာလျှော့စား= ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ= ____________ |

ရင်းမြစ်..ဥစ္စာခနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။.........................................................................

.............................................................................................

.............................................................................................

.............................................................................................

.............................................................................................

.............................................................................................

### (င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | - | | |

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | | - | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | | - | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျောက်ဖြူ ကျေးရွာတွင် မိသားစုစောင့်ရှောက်မှု မရှိသောသက်ကြီးရွယ်အိုနှင့် ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စုများလည်းမရှိပါ။ ထို့ကြောင့် ကျေးရွာတွင် ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေများမရှိပါ။

## (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☑ နိမ့်☐မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☑ နိမ့်☐မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့်☐မရှိ ☑ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့်☐မရှိ ☑ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့်☐မရှိ ☑ |
| ၇ | ငလျင် | မြင့် ☐ လတ် ☐ နိမ့်☐မရှိ ☑ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့်☐မရှိ ☑ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☑ နိမ့်☐မရှိ ☐ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့်☑မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့်☑မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့်☑မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့်☑မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့်☐မရှိ ☑ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့်☐မရှိ ☑ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့်☑မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐မရှိ ☑ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ လတ် ☐ နိမ့်☐မရှိ ☑ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျောက်ဖြူကျေးရွာတွင် သဘာဝအရင်းအမြစ်ရှားပါးမှု(မြေ၊ စိုက်ပျိုးရေ)၊ဆားငန်ရေဝင်မှုနှင့် တိရိစ္ဆာန်ကူးစက်ရောဂါကျရောက်မှုများ အလယ်အလတ်အနေအထားတွင်ရှိ၍ စားနပ်ရိက္ခာ မဖူလုံမှု၊ ရေ ကြီးခြင်း၊ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊ သစ်တောပြုန်းတီးခြင်း၊ ငှက်ဖျားရောဂါ ဖြစ်ပွားမှုနှင့်ပတ်သက်၍ အနည်းအကျဉ်းဖြစ်ပွားလေ့ရှိပါသည်။ မုန်တိုင်း၊ ငလျင်၊ မီးဘေး၊ ကိုယ်ခံအားကျဆင်းခြင်းရောဂါ၊ ပြည်တွင်းပဋိပက္ခ၊

လူကုန်ကူးခြင်း၊ ဝေးလံခေါင်သီ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုစသည်တို့နှင့်ပတ်သက်၍ ဖြစ်ပွားခြင်းမရှိပါ။

## (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☐ နိမ့်☑မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ လတ် ☐ နိမ့်☐မရှိ ☑ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐ လတ် ☐ နိမ့်☑မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့်☐မရှိ ☑ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐မရှိ ☑ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐မရှိ ☑ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့်☐မရှိ ☑ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☑ လတ် ☐ နိမ့်☐မရှိ ☐ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့်☐မရှိ ☑ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐ လတ် ☑ နိမ့်☐မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့်☐မရှိ ☑ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဇရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐မရှိ ☑ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐မရှိ ☑ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☐မရှိ ☑ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐ လတ် ☐ နိမ့်☐မရှိ ☑ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☐ နိမ့်☐မရှိ ☑ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့်☑မရှိ ☐ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့်☐မရှိ ☑ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☐မရှိ ☑ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့်☑မရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

